ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ရခိုင်ပြည်နယ်လွှတ်တော်

# ရခိုင်ပြည်နယ်
# ရေချိုငါးလုပ်ငန်းဥပဒေ

ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ( ၄ )ရက်

## မာတိကာ


| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| | နိဒါန်း | | |
| ၁။ | အခန်း(၁) | အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက် | ၁ |
| ၂။ | အခန်း(၂) | ရည်ရွယ်ချက်များ | ၉ |
| ၃။ | အခန်း(၃) | အငှားဂရမ်၊ လိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း | ၁၀ |
| ၄။ | အခန်း(၄) | အခွန်အခပေးဆောင်ခြင်း | ၁၂ |
| ၅။ | အခန်း(၅) | ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ တာဝန်နှင့်ဆောင်ရွက်နိုင်ခွင့်များ | ၁၃ |
| ၆။ | အခန်း(၆) | ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များ ဖွဲ့စည်းခြင်းနှင့်လုပ်ငန်းများလုပ်ကိုင်ခြင်း | ၁၅ |
| ၇။ | အခန်း(၇) | ပြည်နယ်ဦးစီးမှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ | ၁၇ |
| ၈။ | အခန်း(၈) | ဝန်ကြီး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ | ၂၀ |
| ၉။ | အခန်း(၉) | ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပျက်ပြယ်ခြင်း | ၂၄ |
| ၁၀။ | အခန်း(၁၀) | ပြန်အမ်းငွေလျှောက်ထားခြင်း | ၂၅ |
| ၁၁။ | အခန်း(၁၁) | စစ်ဆေးခြင်းနှင့်စီမံခန့်ခွဲရေးနည်းလမ်း ဖြင့်အရေးယူခြင်း | ၂၆ |
| ၁၂။ | အခန်း(၁၂) | အယူခံခြင်း | ၂၉ |
| ၁၃။ | အခန်း(၁၃) | တားမြစ်ချက်များ | ၃၁ |
| ၁၄။ | အခန်း(၁၄) | ပြစ်ဒဏ်များ | ၃၅ |
| ၁၅။ | အခန်း(၁၅) | အထွေထွေ | ၃၉ |

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ရခိုင်ပြည်နယ်လွှတ်တော်

# ရခိုင်ပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေ

**(၂၀၁၄ ခုနှစ်၊ ရခိုင်ပြည်နယ်လွှတ်တော်ဥပဒေအမှတ်၊ ၅ ။)**

**၁၃၇၆ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်**

**( ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်)**

## နိဒါန်း

ရခိုင်ပြည်နယ်လွှတ်တော်သည် ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ရခိုင်ပြည်နယ်အတွင်း ရေချိုငါးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ရခိုင်ပြည်နယ်ရေချိုငါးလုပ်ငန်းဥပဒေ** ဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်းအဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ပြည်နယ်** ဆိုသည်မှာ ရခိုင်ပြည်နယ်ကိုဆိုသည်၊

(ခ) **ပြည်နယ်အစိုးရအဖွဲ့** ဆိုသည်မှာ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုဆိုသည်၊

(ဂ) **ဝန်ကြီး** ဆိုသည်မှာ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနဝန်ကြီးကိုဆိုသည်၊

(ဃ) **ဝန်ကြီးဌာန** ဆိုသည်မှာပြည်နယ်စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာနကိုဆိုသည်၊

(င) **ဦးစီးဌာန** ဆိုသည်မှာ ပြည်နယ်အတွင်းရှိ ရေချိုငါးလုပ်ငန်းနှင့်သက်ဆိုင်သည့် ကိစ္စအဝဝကို တာဝန်ယူ ဆောင်ရွက်ရသည့်ငါးလုပ်ငန်းဦးစီးဌာနကိုဆိုသည်၊

(စ) **ဦးစီးဌာနမှူး** ဆိုသည်မှာ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန၏ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဦးစီးဌာနမှူးကိုဆိုသည်၊

(ဆ) **ရပ်ရွာအခြေပြုငါးလုပ်ငန်း အစုအဖွဲ့** ဆိုသည်မှာ ရပ်ရွာအတွင်း ငါးလုပ်ငန်း လုပ်ကိုင်လိုသူများမှ စုဖွဲ့ထားသောအစုအဖွဲ့ကို ဆိုသည်၊

(ဇ) **ကော်မတီ** ဆိုသည်မှာ ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့များ၏ လုပ်ငန်းများကို စီမံခန့်ခွဲနိုင်ရန် ဖွဲ့စည်း ထားသည့် ကော်မတီကိုဆိုသည်၊

(ဈ) **ငါး** ဆိုသည်မှာ ဘဝတစ်လျှောက်လုံးတွင်သော်လည်းကောင်း၊ ဘဝအစိတ်အပိုင်း တစ်ပိုင်းတွင်သော်လည်းကောင်း၊ ရေထဲ၌ နေထိုင်ကျက်စားသည့်ရေသတ္တဝါ

အားလုံး၊ ယင်းတို့၏ဥများ၊ သားလောင်းများ၊ သားပေါက်ကောင်များ၊ မျိုးစေ့များကိုဆိုသည်။ ယင်းစကားရပ်တွင် ရေတွင်ပေါက်ပွားသည့် အပင်များနှင့် ယင်းတို့၏ အပင်ပေါက်များ၊ မျိုးစေ့များလည်းပါဝင်သည်၊

(ည) **ငါးလုပ်ငန်း** ဆိုသည်မှာ ငါးနှင့်ပတ်သက်သောလုပ်ငန်းများကိုစနစ်တကျစီမံခန့်ခွဲရန်၊ စီးပွားဖြစ်လုပ်ကိုင်ရန်၊ မျိုးထိန်းသိမ်းရန်၊ဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်ခြင်းတို့ကို ဆိုသည်။ ယင်းစကားရပ်တွင်ငါးများကို ဖမ်းဆီးခြင်း၊ စုဆောင်းခြင်း၊ မွေးမြူခြင်း၊ စူးစမ်းရှာဖွေခြင်း၊ သုတေသနပြုခြင်း၊ မျိုးစိုက်ထည့်ပေးခြင်း၊ ပြန့်ပွားစေခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ဝယ်ယူခြင်း၊ ရောင်းချခြင်းစသည့်လုပ်ငန်းများလည်းပါဝင်သည်၊

(ဋ) **ငါးဖမ်းခြင်း** ဆိုသည်မှာ ငါးများကိုဖမ်းယူခြင်း၊ စုဆောင်းခြင်း၊ ဆွဲဆောင်ခြင်း၊ လိုက်လံခြင်း၊ မူးမေ့စေခြင်း၊ သေစေခြင်းစသည်တို့ကိုဆိုသည်။ ယင်းစကားရပ်တွင်ငါးဖမ်းခြင်းလုပ်ငန်းများအတွက် အထောက်အကူပြု လုပ်ငန်းနှင့် ပြင်ဆင်ခြင်းလုပ်ငန်းလည်းပါဝင်သည်၊

(ဌ) **ငါးဖမ်းကိရိယာ** ဆိုသည်မှာ ငါးဖမ်းရာတွင်အသုံးပြုသောပစ္စည်းကိရိယာကိုဆိုသည်။ ယင်းစကားရပ်တွင်ငါးဖမ်းရာ၌အထောက်အကူပြုသောပစ္စည်းကိရိယာများလည်းပါဝင်သည်၊

(ဍ) **ငါးဖမ်းရေယာဉ်** ဆိုသည်မှာ ငါးဖမ်းရာတွင် အသုံးပြုသည့် မည်သည့်ရေယာဉ်ကိုမဆိုဆိုသည်။ ယင်းစကားရပ်တွင် ငါးလုပ်ငန်း လုပ်ကိုင်သည့်ရေယာဉ်များ၊ ငါးဖမ်းရေယာဉ် ကိုအထောက်အကူပြုသည့်ယာဉ် များလည်းပါဝင်သည်၊

(ဎ) **အအေးခန်းစက်ရုံ** ဆိုသည်မှာ ငါးများသန့်ရှင်းလတ်ဆတ် နေစေရန် အေးခဲမှု စနစ်ဖြင့် ပြုပြင်၊ အေးခဲ၊ သိုလှောင်၊ ထိန်းသိမ်းထားသည့်စက်ရုံကိုဆိုသည်၊

(ဏ) **ပြုပြင်မွမ်းမံအလုပ်ရုံ၊ စက်ရုံ** ဆိုသည်မှာ ပြုပြင်မွမ်းမံခြင်း နှင့်သိုလှောင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို လုပ်ဆောင် သောအလုပ်ရုံ၊ စက်ရုံကိုဆိုသည်၊

(တ) **ပြုပြင်မွမ်းမံခြင်း** ဆိုသည်မှာ ငါးများကို နည်းအမျိုးမျိုး အသုံးပြု၍ မူလအခြေအနေမှ ပြုပြင်ပြောင်းလဲခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ကိုယ်တိုင်စားသုံးရန်မှ တပါး ထုတ်လုပ်ဆောင်ရွက်သော ငါးပိ၊ ငါးခြောက်၊ ပုစွန် ခြောက်၊ ငံပြာရည်၊ ငါးချဉ်၊ ပုစွန်ချဉ်၊ ငါးဆားနယ်၊ ငါး စည်သွပ်ခြင်း၊ ကျပ်တိုက်ခြင်း၊ ငါးကြေမှုန့်ပြုလုပ်ခြင်း စသည့်လုပ်ငန်းများပါဝင်သည်၊

(ထ) **ရေချိုငါးလုပ်ငန်းရေပြင်** ဆိုသည်မှာ ပြည်နယ်ပင်လယ်

ကမ်းရိုးတန်းတလျှောက်မှ ကုန်းတွင်းနယ်နိမိတ်အတွင်း တွင်ရှိသည့် အစဉ်အမြဲရေတည်ရှိသည်ဖြစ်စေ၊ ယာယီရေ တည်ရှိသည်ဖြစ်စေ၊ ငါးများနေထိုင်၊ ကျက်စား၊ ခိုအောင်း၊ ပေါက်ပွား၊ကြီးပြင်းရာ ရေပြင်၊ ရေကန်၊ရေရိုး၊ မြစ်ချောင်း၊ အင်း၊ အိုင်တို့ကိုဆိုသည်။ပြည်နယ်အစိုးရနယ်မြေအတွင်းရှိ လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုထားသည့် ငါးလုပ်ငန်း ရေပြင်များ၊ ရေလှောင်ဆည်ကြီးများ၊ အစိုးရဌာန တစ်ခုခု၏ နယ်မြေအတွင်းရှိ ရေပြင်များ၊ ကုန်းတွင်း ဒီရေရောက်ရာဒေသများ၊ ကျွန်းပေါ်ရှိရေပြင်များ ၊လိပ် များနှင့်မိကျောင်းများ ဥချသည့်အသိုက်များ၊ ကျင်းများ ရေချိုရေငန်စပ်ဒေသများ စသည်တို့လည်းပါဝင်သည်။ ထို့အပြင် ပင်လယ်နှင့်ဆက်စပ်သည့် မြစ်ဝများ၊ ချောင်းဝများ၌အဝ၏တစ်ဖက်ကမ်းအစွန်ဆုံးမှ အခြား တစ်ဖက်ကမ်းအစွန်ဆုံးကို ဆွဲထားသည့် မျဉ်းဖြောင့်၏ ဒီရေကျရာဘက်ကုန်းတွင်းပိုင်းရေပြင်သည် ရေချို ငါးလုပ်ငန်းရေပြင်ဖြစ်သည်၊

(ဒ) **ဘုံငါးဖမ်းကွက်** ဆိုသည်မှာ ယင်းငါးဖမ်းကွက်အတွင်း သတ်မှတ်ထားသည့် ငါးဖမ်းကိရိယာအရေအတွက်နှင့် ငါးဖမ်းလုပ်ကိုင်နိုင်ရန် မည်သည့် ရေလုပ်သားကိုမဆို လိုင်စင်ထုတ်ပေးနိုင်သော ငါးဖမ်းကွက်ဖြစ်ပြီး ထိုသို့

ခွင့်ပြုနိုင်သည့် ငါးဖမ်းကိရိယာလိုင်စင်တွင် အသုံးပြုရမည့် ငါးဖမ်းကိရိယာအမျိုးအစား၊ ငါးဖမ်းယူရန် နည်းလမ်းမှစ၍ စည်းကမ်းချက်များ၊ ကန့်သတ်ချက်များဖော်ပြပြီးနောက် ငါးဖမ်း လုပ်ငန်း လုပ်ကိုင်ခွင့်ပြုနိုင်သော ရေချိုငါးဖမ်းကွက်ကိုဆိုသည်၊

(ဓ) **လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင်** ဆိုသည်မှာ ဦးစီးဌာနက ဂရန်အင်း၊ သီးသန့်အင်း၊ ဘေးမဲ့အင်း၊ ကာကွယ်ထားသောအင်းအိုင်ဟု သတ်မှတ်ထားသောနေရာဒေသမှအပ အခြား ရေချိုလုပ်ငန်း ရေပြင်တွင်ငါးဖမ်းကိရိယာ လိုင်စင်ဖြင့်ဖြစ်စေ၊ ငါးဖမ်းကွက်သတ်မှတ်ပြီး လိုင်စင်ချထား၍ဖြစ်စေ၊ အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့်ဖြစ်စေ၊ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသော ရေပြင်ကိုဆိုသည်၊

(န) **အင်းအိုင်** ဆိုသည့် စကားရပ်တွင် အငှားချထားနိုင်သော အင်း (သို့မဟုတ်) ဂရန်အင်း (leasable fishery)၊ သီးသန့်ချထားသည့်အင်း ( Reserved fishery)၊ အများနှင့်ဆိုင်သော အင်း ( open fishery )၊ ကာကွယ်တားမြစ်ထားသည့် အင်း ( protected fishery )၊ ဘေးမဲ့အင်း (natural protected reserve) တို့ကို ဆိုသည်၊

(ပ) **လိုင်စင်** ဆိုသည်မှာ ငါးလုပ်ငန်းတစ်ရပ်ရပ် လုပ်ကိုင်နိုင်ရန်အတွက် ဤဥပဒေအရလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့် လိုင်စင်ကိုဆိုသည်၊

(ဖ) **အငှားဂရန်** ဆိုသည်မှာ အငှားဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်ရန် ဦးစီးဌာနကထုတ်ပေးသည့် အငှားဂရန်ကိုဆိုသည်၊

(ဗ) **ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူ** ဆိုသည်မှာ ဦးစီးဌာနက ထုတ်ပေးသည့် အငှားဂရန်၊ လိုင်စင်၊ ငါးဖမ်းကိရိယာလိုင်စင်၊ အအေးခန်းစက်ရုံတည်ထောင်လုပ်ကိုင်ခွင့်လိုင်စင်၊ ငါးလုပ်ငန်းနှင့် သက်ဆိုင်သောလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့်လိုင်စင်ရရှိသူနှင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူအစုအဖွဲ့ကိုဆိုသည်၊

(ဘ) **ရေလုပ်သား** ဆိုသည်မှာ ငါးလုပ်ငန်းနှင့် သက်ဆိုင်သောလုပ်ငန်းများကို အချိန်ပိုင်းဖြစ်စေ၊ အချိန်ပြည့်ဖြစ်စေ၊ ပါဝင်လုပ်ကိုင်နေသူကိုဆိုသည်။ ယင်းစကားရပ်တွင်ရေလုပ်သားငယ်၊ ရေလုပ်သားလတ်၊ ရေလုပ်သားကြီးများနှင့်ရေလုပ်သားအစုအဖွဲ့များပါဝင်သည်၊

(မ) **တစ်နိုင်တစ်ပိုင်ရေလုပ်သား** ဆိုသည်မှာ ဘုံငါးဖမ်းကွက်တွင်သက်ဆိုင်ရာ ဦးစီးဌာနမှ သတ်မှတ်ထားသောစည်းကမ်းချက်များနှင့်အညီ အခွန်လွတ်ကိရိယာဖြင့်

လုပ်ကိုင်သည့် ရေလုပ်သားကိုဆိုသည်၊

(ယ) **ရေထွက်ပစ္စည်း** ဆိုသည်မှာ ပြည်နယ်၏ရေချိုငါးလုပ်ငန်းရေပြင်မှရရှိသော ငါး၊ သက်ရှိရေသတ္တဝါများ ၊ ယင်းတို့မှ ပြုပြင်မွမ်းမံထုတ်လုပ်ထားသည့်ပစ္စည်းများ ၊ ဘေးထွက်နှင့် စွန့်ပစ်ပစ္စည်းများ၊ ဥများ၊ သားပေါက်များ၊ သားလောင်းများ၊ အခွံများ၊ အရိုးများ၊ အရေခွံများ၊ အပင်များ၊ သက်မဲ့ပစ္စည်းများကိုဆိုသည်။ ယင်းစကားရပ်တွင်ပက်ကျိ၊ မျှော့၊ လိပ်နှင့်ဥများ၊ မိကျောင်းနှင့်ဥများ၊ ကဏန်း၊ ကမာခွံ၊ ခရုခွံ၊ ပုစွန်ခွံ၊ ယောက်သွား၊ ကျောက်ပွင့်၊ ကျောက်ခက်၊ ရေညှိ၊ ရေမှော် စသည်များလည်းပါဝင်သည်၊

(ရ) **အချိန်ကာလ** ဆိုသည်မှာ -

(၁) အင်းသားကြီးများ အင်းလုပ်ကိုင်ခွင့်အချိန်၊ အင်းတစ်အင်းစီ၏ စည်းကမ်းချက်ပါ လုပ်ကိုင်ခွင့်ပြုသည့် အချိန်ကာလ ၊

(၂) ငါးရစ်၊ ငါးသန်များမပြုန်းတီးစေရန် စည်းကမ်းသတ်မှတ်၍ ဖမ်းဆီးခွင့်မပြုသည့်အချိန်ကာလ၊

(၃) တနိုင်တပိုင် ရေလုပ်သားများရှာစားခွင့်အတွက် ကြေးတိုင်အင်း၊သီးသန့်အင်းနှင့်ဘေးမဲ့အင်းများမှအပ မည်သည့်ရေချိုငါးလုပ်ငန်းရေပြင်တွင်မဆို

ငါးရစ်၊ ငါးသန်တားမြစ်ထားသော ကာလမှလွဲ၍ ကျန်အချိန်များတွင် ဦးစီးဌာနက သတ်မှတ်ပေး ထားသော အခွန်လွတ်ကိုရိယာများဖြင့် ရှာဖွေခွင့် ရှိသည့် ကာလကိုဆိုသည်၊

(လ) **ပြန်အမ်းငွေ** ဆိုသည်မှာ အငှားဂရန်အင်း လိုင်စင်ပါ စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းကြောင့်မဟုတ်ဘဲ ပြည်နယ်၏အကျိုးငှာ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ကို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်းခံရလျှင်ဖြစ်စေ၊ သဘာဝဘေးအန္တရာယ် နှင့် အခြားခိုင်လုံသော အကြောင်းတစ်စုံတစ်ရာကြောင့် ငါးထုတ်လုပ်မှု ထိခိုက်နစ်နာလျှင်ဖြစ်စေ၊ အငှားဂရန် ရရှိသူ၊ လိုင်စင်ချထားခြင်းခံရသူက ပေးသွင်းထားသည့် အခွန်အခအနက်လုပ်ကိုင်ရန်ကျန်ရှိသော ငါးလုပ်ငန်းရာသီ အတွက် ပြန်လည်ရထိုက်သည့် အခွန်အခကိုဆိုသည်။

## အခန်း(၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ငါးလုပ်ငန်းများနှင့်ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ စနစ်တကျ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ခ ) ငါးသယံဇာတ နှင့် ငါးမျိုးပြုန်းတီးမှုမရှိစေရေး၊ စဉ်ဆက် မပြတ်ထုတ်ယူသုံးစွဲနိုင်ရေးတို့အတွက် ငါးနေငါးထိုင်

တောများနှင့် ၎င်းတို့၏ သဘာဝ ဂေဟစနစ်များ ပျက်စီးမှုမှ ကာကွယ်စောင့်ရှောက်ရန်၊

(ဂ) ပြည်နယ်ကရသင့်ရထိုက်သော အခွန်အခများ ရရှိစေရန်၊

(ဃ) ငါးလုပ်ငန်းများကို ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းနှင့် အရေးယူဆောင်ရွက်ခြင်းပြုနိုင်ရန်၊

(င) ပြည်တွင်းစားသုံးမှု ဖူလုံစေပြီး ပိုလျှံသည်များကို ပြည်ပသို့ တင်ပို့ရောင်းချရန်၊

(စ) ရေထွက်ပစ္စည်းများ ထုတ်လုပ်ရာတွင် အရည်အသွေးကောင်းမွန်ပြီးစားသုံးသူများအတွက် ဘေးအန္တရာယ်ကင်းရှင်းစွာ ထုတ်လုပ်နိုင်ရန်၊

(ဆ) တစ်နိုင်တစ်ပိုင်ရေလုပ်သားများ၏ စားဝတ်နေရေး အထောက်အကူ ပြုရန်၊

(ဇ) ငါးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် နိုင်ငံတကာ စံနှုန်းများနှင့်အညီ ဖြစ်စေရန်။

## အခန်း(၃)

## အငှားဂရန်၊ လိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၄။ ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ ငါးဖမ်းကိရိယာလိုင်စင်ခပေးဆောင်ခြင်းဖြင့်ဖြစ်စေ၊ လုပ်ငန်းလိုင်စင် ရယူခြင်းဖြင့်ဖြစ်စေ လုပ်ကိုင်

ဆောင်ရွက်ရမည်။

၅။ ရေထွက်ပစ္စည်း ပြုပြင်မွမ်းမံခြင်း၊ စုဆောင်းခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းဝယ်ခြင်း၊ အအေးခန်းစက်ရုံ တည်ထောင်ခြင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ လိုင်စင်ရယူ၍ လုပ်ကိုင်ဆောင်ရွက်ရမည်။

၆။ ပြည်နယ်ဦးစီးဌာနမှူးသည် ရေထွက်ပစ္စည်းပြုပြင်မွမ်းမံခြင်း၊ စုဆောင်းခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းဝယ်ခြင်း၊ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်အား သတ်မှတ်သည့် နည်းလမ်းများနှင့်အညီဝန်ကြီး၏ သဘောတူညီချက်ဖြင့် ထုတ်ပေးရမည်။

၇။ ပြည်နယ်ဦးစီးဌာနမှူးသည် ဝန်ကြီးမှတစ်ဆင့် ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အောက်ပါလိုင်စင်များကို ထုတ်ပေးရမည် -

(က) နှစ်ရှည်အငှားဂရန်လျှောက်ထားခြင်း၊

(ခ ) အအေးခန်းစက်ရုံတည်ထောင်ခြင်း။

(ဂ ) ပြုပြင်မွမ်းမံစက်ရုံတည်ထောင်ခြင်း။

၈။ ခရိုင်ဦးစီးဌာနမှူးသည် လိုင်စင်ချထားသည့်ကိစ္စတွင် ပြည်နယ်ဦးစီးဌာနမှူးမှတစ်ဆင့် ဝန်ကြီး၏ခွင့်ပြုချက်ရယူရမည်။

၉။ မြို့နယ်ဦးစီးဌာနမှူးသည်-

(က) ရေချိုငါးလုပ်ငန်းရေပြင် တစ်ခုခုတွင် ငါးဖမ်းကိရိယာ အမျိုးအစားတစ်ခုခုဖြင့် ငါးဖမ်းလိုကြောင်း လျှောက်ထားလာလျှင် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ

ငါးဖမ်းကိရိယာ လိုင်စင်ထုတ်ပေးနိုင်သည်၊

(ခ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူက မိမိလုပ်ငန်းတွင်ခန့်ထား အသုံးပြုမည့်လုပ်သားအတွက်ဖြစ်စေ၊ သတ်မှတ်ထား သည့် နည်းလမ်းများနှင့်အညီ ရေလုပ်သားများက မှတ်ပုံတင် လျှောက်ထားလာလျှင်ဖြစ်စေ၊ ရေလုပ်သား မှတ်ပုံတင် ထုတ်ပေးနိုင်သည်၊

(ဂ) မြစ်၊ ချောင်း၊ အင်း၊ အိုင်များအား ဘုံငါးဖမ်းကွက် များအဖြစ် ပြန်လည်လုပ်ပိုင်ခွင့် ရရှိရေးအတွက် လျှောက်ထား လာပါက ခရိုင်နှင့်ပြည်နယ် ဦးစီးဌာနမှူးမှ တစ်ဆင့် ဝန်ကြီး၏ခွင့်ပြုချက်ဖြင့် ထုတ်ပေးနိုင်သည်၊

(ဃ) ဘုံငါးဖမ်းကွက်များအား စည်းကမ်းနှင့်အညီ စနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက် ရေလုပ်သား အဖွဲ့များကို ဖွဲ့စည်း ခွင့်ပြုနိုင်သည်။

## အခန်း(၄)

## အခွန်အခပေးဆောင်ခြင်း

၁၀။ ရေချိုငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် သတ်မှတ်ထားသည့် အခွန် အခများကိုလက်ငင်းငွေချေစနစ်ဖြင့်နေ့ချင်းပြီးအပြေအကျေပေးဆောင်ရမည်။

၁၁။ ရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် ငါးဖမ်းကိရိယာလိုင်စင်ရရှိသူ သည် ပေးဆောင်ရန်ရှိသော လိုင်စင်ခကို သတ်မှတ်ထားသည့် နည်းလမ်း

အတိုင်း ပေးဆောင်ရမည်။

၁၂။ နှစ်ရှည်အငှားဂရန်ရရှိသူသည် သတ်မှတ်ထားသည့်နည်းလမ်းများနှင့် အညီ အင်းခွန်နှင့်အခြားကျသင့်ငွေများကို ပေးဆောင်ရမည်။

၁၃။ ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူသည် ပေးဆောင်ရန်ရှိသော လိုင်စင်ကြေး၊ မှတ်ပုံတင်ကြေးနှင့် အခြားကျသင့်သော အခွန်အခများကို ဦးစီးဌာနက သတ်မှတ် သည့်ငွေဖြင့် ပေးဆောင်ရမည်။

၁၄။ အအေးခန်းစက်ရုံတည်ထောင်ခြင်း၊ပြုပြင်မွမ်းမံစက်ရုံတည်ထောင်ခြင်း၊ လုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် ပေးဆောင်ရမည့်အခွန်အခများကို ဦးစီးဌာနက သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ပေးဆောင်ရမည်။

၁၅။ ဝန်ကြီးသည် ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အောက်ပါလုပ်ငန်း များအတွက် အခွန်အခများ ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်-

(က) ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့်ဆောင်ရွက်သော ငါးလုပ်ငန်း သုတေသန၊

(ခ) ပြည်နယ်အကျိုးငှာ လိုအပ်သည့် ငါးလုပ်ငန်း။

**အခန်း(၅)**

**ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်နိုင်ခွင့်များ**

၁၆။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ပေးဆောင်ရန်ရှိသော အခွန်အခများကို ဦးစီးဌာနက သတ်မှတ်

သည့်အတိုင်း ပေးဆောင်ရမည်၊

(ခ) အငှားဂရန် သို့မဟုတ် လိုင်စင်ပါစည်းကမ်းချက်များနှင့် ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရမည်၊

(ဂ) ဦးစီးဌာနက တာဝန်ပေးအပ်ပါက ငါးလုပ်ငန်းဆိုင်ရာ သုတေသနလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးရမည်၊

(ဃ) မိမိလုပ်ငန်းတွင် ဦးစီးဌာန၌ မှတ်ပုံတင်ထားသည့် ရေလုပ်သားကိုသာ ခန့်ထားလုပ်ကိုင်ရမည်၊

၁၇။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ ဆောင်ရွက်နိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အငှားဂရန် သို့မဟုတ်လိုင်စင်တွင် သတ်မှတ်ထားသည့် အတိုင်းစည်းကမ်းချက်များနှင့်အညီ လုပ်ငန်းလုပ်ကိုင်ခွင့်ရှိသည်၊

(ခ) ပြန်အမ်းငွေ ထုတ်ပေးရန် လျှောက်ထားနိုင်သည်၊

(ဂ) သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ အခြားခိုင်လုံသော အကြောင်းတစ်စုံတစ်ရာကြောင့်ဖြစ်စေ ၊ ငါးထုတ်လုပ်မှု ထိခိုက်နစ်နာလျှင် နှစ်အကန့်အသတ်ဖြင့်ဆက်လက်၍ လုပ်ကိုင်ခွင့်ပြုရန် လျှောက်ထားနိုင် သည်။

## အခန်း(၆)

## ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များဖွဲ့စည်းခြင်းနှင့်လုပ်ငန်းများလုပ်ကိုင်ခြင်း

၁၈။ ရခိုင်ပြည်နယ်အတွင်း ငါးလုပ်ငန်းလုပ်ကိုင်ခြင်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များသည်ဖွဲ့စည်းနိုင်ခွင့်၊စည်းမျဉ်း စည်းကမ်းများရေးဆွဲနိုင်ခွင့်ရှိစေရမည်။

၁၉။ ရခိုင်ပြည်နယ်အတွင်း ငါးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရာတွင် ပိုမိုတွင်ကျယ်စွာဆောင်ရွက်နိုင်ရန်အတွက် ခရိုင်တစ်ခုလျှင် ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ အနည်းဆုံးတစ်ဖွဲ့ကိုဖြစ်စေ၊ တစ်ဖွဲ့ထက်ပို၍ဖြစ်စေ ဖွဲ့စည်းရမည်။

၂၀။ မြို့နယ်ဦးစီးဌာနမှူးသည် ငါးလုပ်ငန်းလုပ်ကိုင်သူများမှ ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့များ တည်ထောင်လုပ်ကိုင် နိုင်ရေးအတွက်ဆောင်ရွက်ပေးရမည်။

၂၁။ မြို့နယ်ဦးစီးဌာနမှူးသည် သတ်မှတ်စည်းမျဉ်း၊ စည်းကမ်းများနှင့်ကိုက်ညီပါက ခရိုင်ဦးစီးဌာနမှူး၏ အတည်ပြုချက်ဖြင့် ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့တည်ထောင်လုပ်ကိုင်ခွင့်ကို မှတ်ပုံတင်ပေးရမည်။

၂၂။ ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ကရေးဆွဲထားသော စည်းမျဉ်း၊ စည်းကမ်းများကို ပြင်ဆင်လိုပါက မည်သည့်အဆင့်တွင်မဆို အဖွဲ့ဝင်အားလုံး၏ များရာ သဘောတူဆုံးဖြတ်ချက်ဖြင့် ပြင်ဆင်နိုင်သည်။

၂၃။ ရပ်ရွာအခြေပြုငါးလုပ်ငန်း အစုအဖွဲ့တည်ထောင်လုပ်ကိုင်ရာတွင်တိကျသောနယ်နိမိတ်သတ်မှတ်ချက်၊ တိကျသောစီမံခန့်ခွဲမှု အစီအစဉ်များကိုရေးဆွဲရန် မြို့နယ်ဦးစီးဌာနမှူးကကူညီဆောင်ရွက်ပေးရမည်။

၂၄။ ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့များ၏ အကောင်အထည်ဖော်ဆောင်ရွက်မှုများကို မြို့နယ်ဦးစီးဌာနမှူးက ကြီးကြပ်စစ်ဆေးရမည်။

၂၅။ ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့သည် အဖွဲ့ဝင်အချင်းချင်းအငြင်းပွားမှုများဖြစ်ပေါ်လာပါက ကော်မတီက တာဝန်ယူဖြေရှင်းပေးရမည်။ ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့များ အချင်းချင်းကြားတွင်အငြင်းပွားမှုများဖြစ်ပေါ်လာပါကခရိုင်ဦးစီးဌာနမှူးသည်သက်ဆိုင်ရာမြို့နယ်ဦးစီဌာနမှူးပါဝင်သော စစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းပြီး ညှိနှိုင်းဆောင်ရွက်ဖြေရှင်းရမည်။

၂၆။ ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ကို လုပ်ကိုင်ခွင့်ပြုပြီးဖြစ်သော်လည်းအောက်ဖော်ပြပါအခြေအနေ တစ်ရပ်ရပ်ပေါ်ပေါက်ပါက မြို့နယ်ဦးစီးဌာနမှူးသည်ခရိုင်ဦးစီးဌာနမှူး၏ အတည်ပြုချက်ဖြင့် ဖျက်သိမ်းနိုင်သည်-

(က) ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့ဝင်များက ဆက်လက်လုပ်ကိုင်ဆောင်ရွက်ရန် ဆန္ဒမရှိတော့ခြင်း၊

(ခ) ရပ်ရွာအခြေပြုငါးလုပ်ငန်းအစုအဖွဲ့အတွင်း ကြီးမားသောအငြင်းပွားမှုများပေါ်ပေါက်ခြင်း၊

(ဂ) ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့၏လုပ်ငန်းကို နှစ်နှစ်ဆက်တိုက်လုပ်ကိုင်ဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊

(ဃ) ဥပဒေနှင့်အညီ ဆောင်ရွက်ရန်ပျက်ကွက်ခြင်း။

၂၇။ ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့သည် ငါးသယံဇာတထိန်းသိမ်းရေးအတွက် ငါးမဖမ်းရဇရိယာကို သက်ဆိုင်ရာငါးလုပ်ငန်းဦးစီးဌာန၏ သဘောတူညီ ချက်ဖြင့် သတ်မှတ်ဆောင်ရွက်ရမည်။

၂၈။ ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့များအတွက် လိုအပ်သည့်ရင်းနှီးမြှုပ်နှံငွေများကို လျှောက်ထားလာပါက ပြည်နယ်အစိုးရအဖွဲ့မှလိုအပ်သလိုစိစစ်ပြီး ထုတ်ချေးနိုင်ရန် ဆောင်ရွက်ပေးရမည်။

## အခန်း (၇)
## ပြည်နယ်ဦးစီးဌာနမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၂၉။ ပြည်နယ်ဦးစီးဌာနမှူး၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ငါးလုပ်ငန်းများကို စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာစေရန် စီမံခန့်ခွဲခြင်း ၊ ကြီးကြပ်ခြင်း၊ ပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊

(ခ) ငါးဖမ်းကိရိယာ အမျိုးအစားအလိုက် လိုင်စင်နှုန်းထားများကို ဝန်ကြီးမှတဆင့်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်သတ်မှတ်ပေးခြင်း၊

(ဂ) ငါးဖမ်းကွက်အသစ် သတ်မှတ်ခြင်း၊ နေရာ ပြောင်းလဲသတ်မှတ်ခြင်း၊ ပယ်ဖျက်ခြင်းတို့ကို ဝန်ကြီးမှတဆင့် အစိုးရအဖွဲ့၏ ခွင့်ပြု ချက်ဖြင့်ဆောင်ရွက်ခြင်း၊

(ဃ) အင်းဂရန်အသစ်များ သတ်မှတ်ခြင်းကို ဝန်ကြီးမှတဆင့်အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်း၊

(င) အငှားဂရန်သက်တမ်း၊ လိုင်စင်သက်တမ်းနှင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ လိုက်နာရမည့် အငှားဂရန်နှင့် လိုင်စင်ပါ စည်းကမ်းချက်များကို သတ်မှတ်ပေးခြင်း၊

(စ) အငှားဂရန်အင်း၊ သီးသန့်အင်း၊ ဘေးမဲ့အင်း သို့မဟုတ် လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင် အမျိုးအစားကို ဝန်ကြီးမှတဆင့် အစိုးရအဖွဲ့၏ ခွင့်ပြုချက် ဖြင့် ပြောင်းလဲသတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ဆ) လုံလောက်သော အကြောင်းရှိလျှင် ဝန်ကြီးမှတဆင့် အစိုးရ အဖွဲ့၏ ခွင့်ပြုချက်ဖြင့် အငှားဂရန်အင်း တစ်ခုခုကို နှစ်အကန့်အသတ်ဖြင့်ဆက်လက်၍ အငှားဂရန်ချထားရန် ညွှန်ကြားခြင်း၊

(ဇ) တားမြစ်ထားသည့် ငါးအမျိုးအစား၊ အရွယ်အစား၊ ငါးဖမ်းကိရိယာ၊ ငါးဖမ်းရာသီ၊ နေရာဒေသနှင့် ငါးဖမ်းနည်းတို့ကို သတ်မှတ်ပေးခြင်း၊

(ဈ) လိုင်စင်ခ၊ ငါးစိုခွန်၊ ငါးဖမ်းရေယာဉ်ခွန်၊ လှေခွန်၊ လှေလုပ်သားမှတ်ပုံတင်ကြေး၊ရေယာဉ်မှတ်ပုံတင်ကြေး နှင့် အခြားကျသင့်သောအခွန်အခများကို ဝန်ကြီး၏ ခွင့်ပြုချက်ဖြင့်သတ်မှတ်ပေးခြင်း၊

(ည) ခရိုင်၊ မြို့နယ်ဦးစီးဌာနမှူးများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကိုသတ်မှတ်ပေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

(ဋ) ဝန်ကြီးက အခါအားလျော်စွာပေးအပ်သော ငါးလုပ်ငန်းဆိုင်ရာ ကိစ္စများဆောင်ရွက်ခြင်း။

၃၀။ ပြည်နယ်ဦးစီးဌာနမှူး၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဝန်ကြီးမှတဆင့် ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်နယ်အကျိုးငှာ လိုအပ်လျှင်သော်လည်းကောင်း၊ လိုင်စင်ကိုမမှန်မကန်သော နည်းလမ်းဖြင့်ရယူထားကြောင်း တွေ့ရှိလျှင် သော်လည်းကောင်း၊ လုံလောက်သောအကြောင်းရှိလျှင် သော်လည်းကောင်း၊ မည်သည့် လိုင်စင်ကိုမဆို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း၊

(ခ) ဦးစီးဌာနကထုတ်ပေးသည့် အငှားဂရန် သို့မဟုတ် လိုင်စင်ပျက်စီးခြင်း၊ ပျောက်ဆုံးခြင်းကြောင့် မိတ္တူလျှောက်ထားသည့်ကိစ္စတွင် သတ်မှတ်သည့်အခကြေးငွေ

ပေးဆောင်စေပြီး မိတ္တူထုတ်ပေးခြင်း၊

(ဂ) ရေထွက်ပစ္စည်းဆိုင်ရာ စားသုံးကုန်များအား ကောင်းမွန်သောထုတ်လုပ်မှု ဖြစ်စဉ်နှင့်အညီ ထုတ်လုပ်ခြင်း၊ရောင်းချခြင်း၊သိုလှောင်ခြင်းတို့ကို တာဝန်ပေးစစ်ဆေးစေခြင်း၊

(ဃ) ငါးလုပ်ငန်းများ စနစ်တကျ လုပ်ကိုင်ဆောင်ရွက်ရန်အတွက်လည်းကောင်း၊ ငါးမျိုးပြုန်းတီးမှုမှ ကာကွယ်ရန်အတွက် လည်းကောင်း၊ ငါးလုပ်ငန်းနှင့် ပတ်သက်သောအမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုထုတ်ပြန်ခြင်း။

## အခန်း (၈)

## ဝန်ကြီး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၃၁။ ဝန်ကြီး၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ငါးလုပ်ငန်းများကို စနစ်တကျဖွံ့ဖြိုးတိုးတက်လာစေရန် စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်း၊ ညွှန်ကြားခြင်း၊

(ခ) ပြည်နယ်ဦးစီးဌာနမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးခြင်း၊

(ဂ) ပြည်နယ်အစိုးရအဖွဲ့က အခါအားလျော်စွာ ပေးအပ်သောငါးလုပ်ငန်းဆိုင်ရာကိစ္စများကို ဆောင်ရွက်ခြင်း၊

(ဃ) ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အင်းများ၊ ငါးဖမ်းကွက်များ၊ ဘုံငါးဖမ်းကွက် သို့မဟုတ် လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုထားသော ငါးလုပ်ငန်းရေပြင် အမျိုးအစားသတ်မှတ်ခြင်း၊ ပြောင်းလဲသတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း။

၃၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်၍ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူသည့်ကိစ္စတွင် ပြည်နယ်အစိုးရ အဖွဲ့၏ သဘောတူဆုံးဖြတ်ချက်ဖြင့် ဝန်ကြီးသည် ပြည်နယ်ဦးစီး ဌာနမှူးအား အောက်ပါအတိုင်း ဆောင်ရွက်စေရန် ညွှန်ကြားရမည် -

(က) အငှားဂရန် သို့မဟုတ် လိုင်စင်ကို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ခ) ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများ၊ ငါးများ နှင့် အခြားသက်သေခံပစ္စည်းများကို ပြည်နယ်ဘဏ္ဍာ အဖြစ် သိမ်းယူခြင်း၊ ထုခွဲရောင်းချခြင်း သို့မဟုတ် အခြား သင့်လျော်သလို စီမံခန့်ခွဲခြင်း၊

(ဂ) ငါးဖမ်းရေယာဉ်၊ယာဉ်၊ငါးဖမ်းကိရိယာများကိုငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူအားဖြစ်စေ၊ပိုင်ရှင်အားဖြစ်စေ ၊လုံလောက် သောခံဝန်ဖြင့် ပြန်လည်ပေးအပ်ခြင်း သို့မဟုတ် ပြန်လည်လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဃ) ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများကို သင့်လျော်သော ဒဏ်ကြေးပေးဆောင်စေ၍ ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိသူ သို့မဟုတ် ပိုင်ရှင်အား ပြန်လည်ရွေးယူခွင့်ပြုခြင်း၊

(င) ရောင်းရငွေနှင့် ဒဏ်ကြေးငွေများကို ပြည်နယ်ဘဏ္ဍာ ရန်ပုံငွေအဖြစ် ပေးသွင်းခြင်း။

၃၃။ ဝန်ကြီးသည် ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ငါးလုပ်ငန်းများ စနစ်တကျ လုပ်ကိုင်ဆောင်ရွက်ကြရန် အတွက်လည်းကောင်း၊ ငါးမျိုးပြုန်းတီးမှုမှ ကာကွယ်ရန်အတွက်လည်းကောင်း၊ သယံဇာတထိန်းသိမ်းရေးဖုံများသတ်မှတ်ရန်အတွက်လည်းကောင်း၊ ငါးလုပ်ငန်းနှင့်ပတ်သက်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ စည်းမျဉ်း၊စည်းကမ်း၊ ညွှန်ကြားချက်၊ ကန့်သတ်ချက်၊ တားမြစ်ချက်များကို ထုတ်ပြန်နိုင်သည်။

၃၄။ ဝန်ကြီးသည် ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်နယ်အကျိုးငှာ လိုအပ်လျှင်ဖြစ်စေ၊ အငှားဂရန် သို့မဟုတ် လိုင်စင်ကိုမမှန်မကန်သောနည်းလမ်းဖြင့် ရယူထားကြောင်း တွေ့ရှိလျှင်ဖြစ်စေ၊ လုံလောက်သောအကြောင်းရှိလျှင်ဖြစ်စေ၊ မည်သည့် အငှားဂရန် သို့မဟုတ် လိုင်စင်ကိုမဆို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၃၅။ ဝန်ကြီးသည် ဤဥပဒေအရ မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးအား အခါအားလျော်စွာ လွှဲအပ်နိုင်သည်။

၃၆။ ဝန်ကြီးသည် နှစ်ရှည်အငှားဂရန် သို့မဟုတ် အငှားဂရန် သို့မဟုတ် လိုင်စင် ရရှိသူက အခြားသူတစ်ဦးတစ်ယောက်အား တစ်နည်းနည်းဖြင့်လွှဲပြောင်းပေးခြင်း၊ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်းတို့ကိုစစ်ဆေးတွေ့ရှိလျှင် ယင်းခွင့်ပြုချက်များကို ပြန်လည်ရုပ်သိမ်းနိုင်သည်။

၃၇။ ဝန်ကြီးသည် ပြည်နယ်အကျိုးငှာ လိုအပ်လျှင် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်နှင့် စပ်လျဉ်း၍ အောက်ပါတို့ကို ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်နိုင်သည် -

(က) ရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်းရေပြင်အမျိုးအစားပြောင်းလဲသတ်မှတ်ခြင်း၊ အငှားဂရန်အင်းသို့မဟုတ်ငါးဖမ်းကွက်အသစ်သတ်မှတ်ခြင်း၊

(ခ) ရေချိုငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဂ) ပြည်နယ်ငါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေတို၊ ရေရှည် အစီအမံများ( Master Plan)ရေးဆွဲနိုင်ရန် စီမံခန့်ခွဲခြင်း၊

(ဃ) ငါးလုပ်ငန်းရေရှည်တည်တံ့ရေးအတွက် သုတေသနလုပ်ငန်းများ၊ပညာပေးရေးလုပ်ငန်းများတွင် လိုအပ်သောအသုံးစရိတ်များကို ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ခွင့်ပြုခြင်း၊ သုံးစွဲခြင်းတို့ကို ဆောင်ရွက်ခြင်း။

## အခန်း(၉)

## ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပျက်ပြယ်ခြင်း

၃၈။ အောက်ပါအကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်သည့်အခါ ဤဥပဒေအရ ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ပျက်ပြယ်သည် -

(က) ခွင့်ပြုသည့်ကာလကုန်ဆုံးခြင်း၊

(ခ) အငှားဂရန်လိုင်စင် သို့မဟုတ် ငါးဖမ်းကိရိယာလိုင်စင် ရုပ်သိမ်းခံရခြင်း သို့မဟုတ် ပယ်ဖျက်ခံရခြင်း၊

(ဂ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက မိမိလုပ်ငန်းကို ဆက်လက်မလုပ်ကိုင်လို၍ အငှားဂရန်၊ လိုင်စင် သို့မဟုတ် ငါးဖမ်းကိရိယာလိုင်စင်ကို ပြန်လည်အပ်နှံခြင်း။

## အခန်း(၁၀)

## ပြန်အမ်းငွေလျှောက်ထားခြင်း

၃၉။ အငှားဂရန်ရရှိသူ သို့မဟုတ် လိုင်စင်ချထားခြင်း ခံရသူသည် အောက်ပါ ကိစ္စရပ်တစ်ခုခု ပေါ်ပေါက်လျှင် သတ်မှတ်ထားသည့် နည်းလမ်း များနှင့်အညီ သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူးထံ ပြန်အမ်းငွေ လျှောက်ထားနိုင်သည် -

(က) ပြည်နယ်၏အကျိုးငှာ အငှားဂရန် သို့မဟုတ် လိုင်စင် ဆိုင်းငံ့ခံရခြင်း သို့မဟုတ် ရုပ်သိမ်းခံရခြင်း၊

(ခ) သဘာဝဘေးအန္တရာယ် သို့မဟုတ် အခြားခိုင်လုံသော အကြောင်းတစ်စုံတစ်ရာကြောင့် ငါးထုတ်လုပ်မှု ထိခိုက် နစ်နာခြင်း။

၄၀။ ပုဒ်မ ၃၉ အရ လျှောက်ထားလာလျှင် သက်ဆိုင်ရာ ခရိုင်ဦးစီးဌာန မှူးသည် လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးဆောင်ရွက်၍ ပြည်နယ် ဦးစီးဌာနမှူးထံ ဆက်လက်တင်ပြရမည်။

၄၁။ ပြည်နယ်ဦးစီးဌာနမှူးသည် ပုဒ်မ ၃၉ အရလျှောက်ထားလာသည့် ကိစ္စနှင့်စပ်လျဉ်း၍ မှန်ကန်ကြောင်း စစ်ဆေးတွေ့ရှိလျှင် ပြန်အမ်းငွေ ပမာဏကို သတ်မှတ်၍ ဝန်ကြီးထံတင်ပြရမည်။

၄၂။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်သော ပြန်အမ်းငွေ ပမာဏကို ထုတ်ပေးရန် အဆုံးအဖြတ်ပေးရမည်။ ဝန်ကြီး၏

အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။

၄၃။ ပုဒ်မ ၄၂ အရ အဆုံးအဖြတ်ပြုသည့် ပြန်အမ်းငွေ ပမာဏကို သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူးသည် ငွေစာရင်းလုပ်ထုံးလုပ်နည်းများနှင့် အညီ လျှော့ကြေးထားသူထံ ထုတ်ပေးရမည်။

## အခန်း(၁၁)

## စစ်ဆေးခြင်းနှင့် စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူခြင်း

၄၄။ သက်ဆိုင်ရာဦးစီးဌာနမှူး ပါဝင်သော စစ်ဆေးရေးအဖွဲ့သည် သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ အောက်ပါတို့ကို စစ်ဆေး နိုင်သည်-

(က) မိမိတာဝန်ခံရသော ရေချိုငါးလုပ်ငန်း ရေပြင်နယ်နိမိတ် အတွင်းရှိ ငါးဖမ်းရေယာဉ်၊ ယာဉ် ၊ ငါးဖမ်းကိရိယာ များ၊ ဂရန်အင်း၊ သီးသန့်အင်း၊ ငါးဖမ်းကွက်များ၊

(ခ ) ရေချိုငါးလုပ်ငန်း၏ အငှားဂရန်၊ လိုင်စင်အပါအဝင် လိုအပ် သည့် စာရွက်စာတမ်းများ၊

(ဂ ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူနှင့် ရေလုပ်သားများ။

၄၅။ သက်ဆိုင်ရာဦးစီးဌာနမှူးသည် ဖမ်းဆီးရမိသည့် ပိုင်ရှင်မဲ့ ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာ၊ ငါးများနှင့်စပ်လျဉ်း၍ အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ချမှတ်နိုင်သည် -

(က) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ရာတွင် အကျုံးဝင်သော ပိုင်ရှင်မဲ့ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာ၊ ငါးတို့ကို သိမ်းဆည်းခြင်း၊

(ခ) ငါးနှင့်အခြား လျင်မြန်စွာ ပုပ်သိုးပျက်စီးစေနိုင်သည့် ပစ္စည်းများ ဖမ်းဆီးရမိပါက အမြန်ဆုံးထုခွဲရောင်းချပြီး ရောင်းချရငွေကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေအဖြစ် ဘဏ်တွင်ပေးသွင်းခြင်း။

၄၆။ ပြည်နယ်ဦးစီးဌာနမှူးသည် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) အငှားဂရန် သို့မဟုတ် လိုင်စင်ပါစည်းကမ်းချက်များကို လိုက်နာရန်ပျက်ကွက်လျှင် အငှားဂရန် သို့မဟုတ် လိုင်စင်ကို ဝန်ကြီး၏ ခွင့်ပြုချက်ဖြင့် ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း၊

(ခ) ဖမ်းဆီးထားသော ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများ၊ငါးများနှင့် အခြားပစ္စည်းများကို ပြည်နယ်ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း၊ ထုခွဲရောင်းချခြင်း သို့မဟုတ် အခြားသင့်လျော်သလို စီမံခန့်ခွဲခြင်း၊

(ဂ) ဖမ်းဆီးထားသော ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများကို ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူအား

ဖြစ်စေ၊ ပိုင်ရှင်အားဖြစ်စေ၊ လုံလောက်သောခံဝန်ဖြင့် ပြန်လည်ပေးအပ်ခြင်း သို့မဟုတ် ပြန်လည်လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဃ) သိမ်းဆည်းထားသော ငါးဖမ်းရေယာဉ် ၊ ယာဉ်၊ ငါးဖမ်းကိရိယာများကို သင့်လျော်သော ဒဏ်ကြေးငွေ ပေးဆောင်စေ၍ ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ရရှိသူ သို့မဟုတ် ပိုင်ရှင်အား ပြန်လည်ရွေးယူခွင့်ပြုခြင်း၊

(င ) အငှားဂရန် သို့မဟုတ် လိုင်စင်ရရှိသူက အခြားတစ်ဦး တစ်ယောက်အား အငှားဂရန် သို့မဟုတ် လိုင်စင်ကို တစ်နည်းနည်းဖြင့်လွှဲပြောင်းထားကြောင်း စစ်ဆေး တွေ့ရှိရပါက ပြန်လည် ရုပ်သိမ်းခြင်း၊

(စ ) နှစ်ရှည်အငှားဂရန် သို့မဟုတ် လိုင်စင်ရရှိသူ၊ အအေးခန်းစက်ရုံတည်ထောင်ခွင့်လိုင်စင်၊ ပြုပြင်မွမ်းမံစက်ရုံ တည်ထောင်ခွင့်လိုင်စင် ရရှိသူက အခြား တစ်ဦး တစ်ယောက်အား နှစ်ရှည်အငှားဂရန် သို့မဟုတ် လိုင်စင်၊ အအေးခန်းစက်ရုံ၊ ပြုပြင်မွမ်းမံစက်ရုံ တည်ထောင်ခွင့်လိုင်စင်ကို တစ်နည်းနည်းဖြင့် လွှဲပြောင်းထားကြောင်း စစ်ဆေးတွေ့ရှိပါက ဝန်ကြီး၏ ခွင့်ပြုချက်ဖြင့်ပြန်လည်ရုပ်သိမ်း ခြင်း။

## အခန်း(၁၂)

## အယူခံခြင်း

၄၇။ (က) ဤဥပဒေအရ မြို့နယ်ဦးစီးဌာနမှူးက ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့် နေ့မှ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာ ခရိုင်ဦးစီး ဌာနမှူးထံ အယူခံဝင်နိုင်သည်၊

(ခ) ခရိုင်ဦးစီးဌာနမှူးသည် မြို့နယ်ဦးစီးဌာနမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည် ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင် သည်။

၄၈။ (က) ခရိုင်ဦးစီးဌာနမှူးက ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့် နေ့မှ ရက်ပေါင်း ၆၀ အတွင်း ပြည်နယ်ဦးစီးဌာနမှူး ထံ အယူခံဝင်နိုင်သည်၊

(ခ) ပြည်နယ်ဦးစီးဌာနမှူးသည် ခရိုင်ဦးစီးဌာနမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည် ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်

သည်။

၄၉။ (က) ပြည်နယ်ဦးစီးဌာနမှူးက ချမှတ် သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့် နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်၊

(ခ) ဝန်ကြီးသည် ပြည်နယ်ဦးစီးဌာနမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၅၀။ (က) ဝန်ကြီးကချမှတ်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း ပြည်နယ် အစိုးရအဖွဲ့ထံ အယူခံဝင်နိုင်သည်၊

(ခ) ပြည်နယ်အစိုးရအဖွဲ့သည် ဝန်ကြီးကချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းပြုနိုင်သည်။ ပြည်နယ်အစိုးရ အဖွဲ့၏ အဆုံးအဖြတ်သည် အတည်ဖြစ်သည်။

## အခန်း(၁၃)

## တားမြစ်ချက်များ

၅၁။ မည်သူမျှဤဥပဒေအရ ထုတ်ပေးသည့် အငှားဂရန် ၊ လိုင်စင်၊ ငါးဖမ်းကိရိယာလိုင်စင်၊ ငါးလုပ်ငန်းလိုင်စင် သို့မဟုတ် ရေလုပ်သား မှတ်ပုံတင်ကတ်မရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်ခြင်းမပြုရ။

၅၂။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် အငှားဂရန်၊ လိုင်စင်၊ ငါးဖမ်းကိရိယာလိုင်စင် သို့မဟုတ် ငါးလုပ်ငန်းလိုင်စင်ပါ စည်းကမ်း ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းမပြုရ။

၅၃။ မည်သူမျှရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် အောက်ပါတို့ကို မပြုလုပ်ရ -

(က) ပေါက်ကွဲစေတတ်သည့် ပစ္စည်း၊ အဆိပ်အတောက်၊ ဓါတုပစ္စည်းနှင့် မီးကဲ့သို့အန္တရာယ်ဖြစ်စေသော ပစ္စည်း ဖြင့် ငါးဖမ်းခြင်း သို့မဟုတ် အကျိုးဖျက်ဆီးခြင်း၊

(ခ) လျှပ်စစ်ကျင်စက်ဖြင့် ငါးဖမ်းခြင်း၊ လျှပ်စစ်ကျင်စက် ကိုလက်ဝယ်ထားရှိခြင်း၊

(ဂ) တားမြစ်ထားသော ငါးဖမ်းနည်း၊ ငါးဖမ်းကိရိယာဖြင့် ငါးဖမ်းခြင်း၊ တားမြစ်ထားသောငါးဖမ်းကိရိယာကို လက်ဝယ်ထားရှိခြင်း၊

(ဃ) တားမြစ်ထားသောငါးမျိုး၊ ငါးအရွယ်အစားကို ဖမ်းဆီးခြင်း၊

(င) တားမြစ်ထားသောအချိန်ကာလနှင့် နေရာဒေသတွင် ငါးဖမ်းခြင်း။

၅၄။ မည်သူမျှအင်္ဂါးဂရန်အင်း၊ သီးသန့်အင်း၊ ဘေးမဲ့အင်း၊ မြစ်၊ ချောင်း၊ ဒီရေတောတို့၏သတ်မှတ်နယ်နိမိတ်အတွင်း အောက်ပါတို့ကို မပြုလုပ်ရ -

(က) ငါးနေငါးထိုင်တောများ ပျက်စီးစေရန် ခုတ်ထွင်ခြင်း၊ ရှင်းလင်းခြင်း၊ ပိတ်ဆို့ခြင်း၊ မီးရှို့ခြင်း၊

(ခ) သီးနှံစိုက်ပျိုးခြင်း၊

(ဂ) လူနေအိမ်များ ဆောက်လုပ်နေထိုင်ခြင်း၊

(ဃ) ရေစီးရေလာပျက်ပြားစေရန် အင်း၊ အိုင်၊ မြစ်၊ ချောင်းတို့၏ သဘာဝအခြေအနေကို ထိခိုက်အောင်ပြုလုပ်ခြင်း ၊ခြုံချငါးဖမ်းခြင်း၊ ဗေဒါမွေးငါးဖမ်းခြင်း၊ အခြားနည်းတစ်ရပ်ရပ်ဖြင့်ငါးဖမ်းခြင်း။

၅၅။ မည်သူမျှရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ဦးစီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ ဆည်၊ တမံ၊ ယင်း၊ ပိုက် အပါအဝင် အခြားမည်သည့် အပိတ်အဆို့၊ အတားအဆီးတစ်စုံတစ်ရာကိုမျှ စိုက်ထူခြင်း၊ တည်ဆောက်ခြင်း၊ ချထားခြင်း၊ ပြုပြင်ခြင်း၊ သုံးစွဲခြင်း မပြုလုပ်ရ။

၅၆။ မည်သူမျှရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါး၊ အခြားရေနေသတ္တဝါတို့နှင့် သက်ရှိသက်မဲ့ သယံဇာတပစ္စည်းများအား နှောင့်ယှက်ခြင်း၊ ပျက်စီးစေခြင်း၊ ရေထုညစ်ညမ်းစေခြင်းမပြုလုပ်ရ။

၅၇။ မည်သူမျှ ဦးစီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ အင်္ဂါးဂရန်အင်း၊ သီးသန့်အင်း၊ ဘောမဲ့အင်း၊ မြစ်၊ ချောင်း၊ ဒီရေတောနှင့် ယင်းတို့နှင့် ဆက်စပ်နေသည့် နေရာများတွင်ဖြစ်စေ၊ ရေစီးလမ်းကြောင်းများတွင် ရေကြောင်းသွားလာရေးကို အနှောင့်အယှက်ဖြစ်စေသော ငါးဖမ်းကိရိယာများချထားခြင်းဖြင့် ဖြစ်စေ၊ ရေ၏အမျိုးအစား၊ ရေ၏ ထုထည် သို့မဟုတ် ရေလမ်းကြောင်း ကို ပြောင်းလဲခြင်းမပြုလုပ်ရ။

၅၈။ မည်သူမျှအောက်ပါရေထွက်ပစ္စည်းများကို ထုတ်လုပ်ခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ ပြည်ပမှတင်သွင်းခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းမပြုလုပ်ရ

(က) စားသုံးသူကို အဆိပ်သင့်စေနိုင်သော၊ ဘေးဥပါဒ်အန္တရာယ်ဖြစ်စေနိုင်သော၊ ကျန်းမာရေးကို ထိခိုက်စေနိုင်သော သို့မဟုတ် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သော ရေထွက်ပစ္စည်းများ၊

(ခ) ရေထွက်ပစ္စည်း၏ အရည်အသွေးကို ထိခိုက်စေပြီး ဘေးဥပါဒ်အန္တရာယ်ဖြစ်စေရန် တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ အစားထိုးထားသော သို့မဟုတ် လူတို့စားသုံးရန်မသင့်သည့် ဆိုးဆေး၊ ယမ်းစိမ်းအပါအဝင် ဓါတုပစ္စည်းအစရှိသည်တို့နှင့် ပြုပြင်ရောစပ်ထားသော ရေထွက်ပစ္စည်းများ၊

(ဂ) အလေးချိန်တိုးစေရန်နှင့် အရည်အသွေးကို ထိခိုက်စေမည့် ရေ သို့မဟုတ် သတ္တု သို့မဟုတ် ပြင်ပပစ္စည်းများ ထည့်သွင်းထားသော ရေထွက်ပစ္စည်းများ။

၅၉။ ဤဥပဒေအရ ငါးလုပ်ငန်းတစ်ခုခုအား စစ်ဆေးနေစဉ် မည်သူမျှ အောက်ပါတစ်ခုခုကို မပြုလုပ်ရ -

(က) ပြစ်မှုကျူးလွန်သူကို အခြားသူတစ်ဦးဦးဖြင့် အစားထိုးခြင်း သို့မဟုတ် ပြစ်မှုကျူးလွန်သူအား အရေးမယူဘဲ ထိန်ချန်ထားခြင်း၊

(ခ) ပြစ်မှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းကို ဖျောက်ဖျက်ခြင်း၊ မသမာသောနည်းဖြင့် ပြောင်းလဲခြင်း၊ အစားထိုးခြင်း၊ စွန့်ပစ်ခြင်း သို့မဟုတ် အလွဲသုံးစားပြုခြင်း။

၆၀။ မည်သူမျှဤဥပဒေအရ လိုင်စင်ချထားခံရပြီး ဦးစီးဌာန၏ ခွင့်ပြုချက် မရရှိဘဲ ပေးဆောင်ရန်ရှိသော အင်းခွန်၊ လိုင်စင်ခွန်၊ ဒဏ်ကြေးတို့ ကို သတ်မှတ်သည့် ကာလအတွင်း ပေးဆောင်ရန် ပျက်ကွက်ခြင်း မရှိ စေရ။

၆၁။ ဤဥပဒေအရ ထုတ်ပေးထားသောလိုင်စင်နှင့် ဂရန်များကို ဦးစီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ လွှဲပြောင်းလုပ်ကိုင်ခြင်းမပြုရ။

၆၂။ ဤဥပဒေအရ မည်သူမျှ တာဝန်ဝတ္တရား ဆောင်ရွက်နေသော ဦးစီးဌာန၏ ဝန်ထမ်းတစ်ဦးဦးအား နှောင့်ယှက်ခြင်း၊ အနိုင်အထက်ပြုခြင်း၊ လက်ရောက်မှုကျူးလွန်ခြင်း၊ ဆဲဆိုခြင်းမပြုရ။

၆၃။ ဤဥပဒေအရ မည်သူမျှ ဝန်ကြီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်၊ ကန့်သတ်ချက် သို့မဟုတ် တားမြစ်ချက်တစ်ရပ်ရပ်ကို လိုက်နာရန်ပျက်ကွက်ခြင်းမရှိစေရ။

## အခန်း(၁၄)

## ပြစ်ဒဏ်များ

၆၄။ မည်သူမဆို ပုဒ်မ ၅၁ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် -

(က) ရေလုပ်သားမှတ်ပုံတင်မရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်သည့် ကိစ္စဖြစ်ပါကထိုသူအားကျပ်တစ်သောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေကျခံစေရမည်၊

(ခ) ရေချိုငါးလုပ်ငန်းရေပြင်တွင် ငါးဖမ်းကိရိယာလိုင်စင် မရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်သည့် ကိစ္စဖြစ်ပါက ထိုသူအား ကျပ်ငါးသောင်းထက် မပိုသောငွေဒဏ်ဖြစ်စေ၊ ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်၊

(ဂ) ရေထွက်ပစ္စည်း ရောင်းဝယ်စုဆောင်းခွင့်လိုင်စင်၊ ရေထွက်ပစ္စည်းပြုပြင်မွမ်းမံ ထုတ်လုပ်ခွင့်လိုင်စင် အပါအဝင် ငါးလုပ်ငန်းလိုင်စင်များ မရှိဘဲ ငါးလုပ်ငန်း လုပ်ကိုင်သည့်ကိစ္စဖြစ်ပါက ထိုသူအားကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်၊

(ဃ) အငှားဂရန် မရှိဘဲ ငါးလုပ်ငန်း လုပ်ကိုင်သည့်ကိစ္စဖြစ်ပါက ကျပ်နှစ်သိန်းထက်မပို သောငွေဒဏ်ဖြစ်စေ၊ နှစ်နှစ်ထက် မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၆၅။ မည်သူမဆို ပုဒ်မ ၅၂ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် -

(က) ငါးဖမ်းကိရိယာလိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သည့် ကိစ္စဖြစ်ပါက ထိုသူအား ကျပ်သုံးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ သုံးလထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်၊

(ခ) ငါးလုပ်ငန်းလိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သည့်ကိစ္စဖြစ်ပါက ထိုသူအား ကျပ်ငါးသောင်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ခြောက်လထက်

မပိုသောထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံ စေရမည်၊

(ဂ ) အငှားဂရန်ပါစည်းကမ်းချက်တစ်ရပ်ရပ်ကိုဖောက်ဖျက်သည့် ကိစ္စဖြစ်ပါက ထိုသူအား ကျပ်တစ်သိန်းထက် မပိုသောငွေဒဏ်ဖြစ်စေ၊ တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ကျခံစေ ရမည်။

၆၆။ မည်သူမဆို -

(က) ပုဒ်မ ၅၃ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူ အား ကျပ်နှစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်၊

(ခ ) ပုဒ်မ ၅၃ ပုဒ်မခွဲ (ခ) ၊(ဂ) ၊(ဃ) ၊(င) ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ကျပ်တစ်သိန်းထက်မပိုသောငွေဒဏ်ဖြစ်စေ၊ တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၆၇။ မည်သူမဆို ပုဒ်မ ၅၄ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ တစ်နှစ်ထက်မပိုသော

ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၆၈။ မည်သူမဆို ပုဒ်မ ၅၅၊ ပုဒ်မ ၅၆၊ ပုဒ်မ ၅၇နှင့် ပုဒ်မ ၅၈ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ကျပ်နှစ်သိန်းထက်မပိုသော ငွေဒဏ် ဖြစ်စေ၊ နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၆၉။ မည်သူမဆို ပုဒ်မ ၅၉ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်းပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအားကျပ်နှစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၇၀။ မည်သူမဆို ပုဒ်မ ၆၀ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၇၁။ မည်သူမဆို ပုဒ်မ ၆၁၊ ပုဒ်မ ၆၂ နှင့် ပုဒ်မ ၆၃ ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၇၂။ မည်သူမဆို ဤဥပဒေအရ တားမြစ်ချက်တစ်ရပ်ရပ် ဖောက်ဖျက်ကျူးလွန်ခြင်းကို အားပေးကူညီခြင်း၊ အားထုတ်ခြင်း၊ ပူးပေါင်း

ကြံစည်ခြင်းပြုလျှင် ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ကျခံစေရမည်။

၇၃။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ဖြင့် အပြစ်ပေးခံရသူသည် ယင်းပြစ်မှုကို ထပ်မံကျူးလွန်ပါက ပြဋ္ဌာန်းသတ်မှတ်ထားသည့် အများဆုံး ပြစ်ဒဏ်ကျခံစေရမည်။

**အခန်း(၁၅)**

**အထွေထွေ**

၇၄။ ဦးစီးဌာနသည် ဂရန်အင်း၊ သီးသန့်အင်း၊ ငါးဖမ်းကွက်၊ ဘုံငါးဖမ်းကွက်၊ နယ်နိမိတ်ပြမြေပုံများကို ပြည်နယ်အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် နှစ်စဉ်ပြုစုရေးဆွဲထားရမည်။ထိုသို့ ရေးဆွဲရာတွင် နယ်စပ်ထိစပ်ရေပြင်များအတွက် ငါးလုပ်ငန်းစီမံခန့်ခွဲမှုကို သီးခြား ပြုစုရေးဆွဲထားရမည်။

၇၅။ ဦးစီးဌာနမှူးသည် မိမိ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာရဲတပ်ဖွဲ့၏ အကူအညီကို တောင်းခံရယူနိုင်သည်။

၇၆။ ဦးစီးဌာနမှူးသည် ဤဥပဒေအရ ရရန်ရှိသော အင်းခွန်၊ လိုင်စင်ခွန်၊ အခြားအခွန်များနှင့် ဒဏ်ကြေးငွေများကို မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ မှတ်ယူ၍ အရကောက်ခံရမည်။

၇၇။ သက်ဆိုင်ရာဦးစီးဌာနမှူးက ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့တွင်ပင် စည်းကမ်းဖောက်ဖျက်သူအား အခမဲ့ထုတ်ပေးရမည်။

၇၈။ ဤဥပဒေအရ သဘောရိုးဖြင့် ဆောင်ရွက်သော ကိစ္စတစ်ရပ်ရပ်အတွက် ပြည်သူ့ဝန်ထမ်းတစ်ဦးဦးကို တရားမကြောင်း ဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်း မပြုရ။

၇၉။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သည့် အမှုများသည် ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၈၀။ ဤဥပဒေအရ တရားရုံးတစ်ရုံးရုံးက ချမှတ်သောအမိန့်သည် ဤဥပဒေအရ ဝန်ကြီး၏ စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူဆောင်ရွက်ခြင်းအပေါ် ထိခိုက်မှုမရှိစေရ။

၈၁။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် -

(က) သက်ဆိုင်ရာဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ပြည်နယ်ဦးစီးဌာနမှူးတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ)

မောင်မောင်အုန်း

ဝန်ကြီးချုပ်

ရခိုင်ပြည်နယ်အစိုးရအဖွဲ့